# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

**အမိန့်အမှတ်၊ ၃၀ / ၂၀၂၀**

**နေပြည်တော် ၊ ၁၃၈၁ ခုနှစ် ၊ တပေါင်းလပြည့်ကျော် ၃ ရက်**

**( ၂၀၂၀ ပြည့်နှစ် ၊ မတ်လ ၁၁ ရက် )**

အမှတ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန သည် တိရစ္ဆာန်များနှင့် စပ်လျဥ်း၍ ဘေးအန္တရာယ်၊ ကူးစက်ရောဂါနှင့် အခြားမလိုလားအပ်သောကိစ္စ တစ်စုံတစ်ရာ မပေါ်ပေါက်နိုင်စေရေးအတွက် အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေ ပုဒ်မ ၄ ပုဒ်မခွဲ (ခ) နှင့် ပြည်ထောင်စုအစိုးရအဖွဲ့၏(၂၂-၅-၂၀၁၉) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၄/၂၀၁၉ တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍အောက်ဖော်ပြပါအမိန့်ကိုထုတ်ပြန်လိုက်သည်။

## ကျွဲ၊ နွားများကိုအရေးကြီးကုန်စည်အဖြစ် သတ်မှတ်ခြင်းနှင့် ကျွဲ၊ နွားများကို ပြည်တွင်း၌ သယ်ဆောင်ခြင်းဆိုင်ရာ အမိန့်

၁။ ဤအမိန့်ထုတ်ပြန်သည့်နေ့မှစ၍ ကျွဲ၊ နွားများကို အရေးကြီးကုန်စည်အဖြစ် သတ်မှတ်လိုက်သည်။

၂။ မည်သူမဆို ကျွဲ၊ နွားများကို ပြည်တွင်း၌သယ်ဆောင်ရာတွင် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(က) ကျွဲနွားများကိုခရိုင်အတွင်းမြို့နယ်တစ်ခုမှအခြားမြို့နယ်တစ်ခုသို့သယ်ဆောင်ရာတွင် သက်ဆိုင်ရာမြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူးက ထုတ်ပေးသောတိရစ္ဆာန်ကျန်းမာရေးထောက်ခံချက်လက်မှတ်(AHD/PC-3)မူရင်း၊ သက်ဆိုင်ရာခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူးကထုတ်ပေးသောကျွဲနွားသယ်ဆောင်ခွင့်လက်မှတ်မူရင်းတို့နှင့်အတူ သယ်ဆောင်ရမည်။

(ခ) ကျွဲနွားများကို ပြည်ထောင်စုနယ်မြေ၊တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အတွင်း ခရိုင်တစ်ခုမှ အခြားခရိုင် တစ်ခုသို့ သယ်ဆောင်ရာတွင် သက်ဆိုင်ရာမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူးက ထုတ်ပေးသော တိရစ္ဆာန်ကျန်းမာရေး ထောက်ခံချက်လက်မှတ်(AHD/PC-3) မူရင်း၊ သက်ဆိုင်ရာခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူးကထုတ်ပေးသော ကျွဲနွား သယ်ဆောင်ခွင့် လက်မှတ် မူရင်း

နှင့် ပြည်ထောင်စုနယ်မြေ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး၏ စိစစ်ပြီးခွင့်ပြုကြောင်း အကြောင်းကြားစာတို့နှင့်အတူ သယ်ဆောင်ရမည်။

(ဂ) ကျွဲ၊ နွားများကို ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုမှ အခြားတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုသို့ သယ်ဆောင်ရာတွင် သက်ဆိုင်ရာ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူးက ထုတ်ပေးသော တိရစ္ဆာန်ကျန်းမာရေး ထောက်ခံချက်လက်မှတ် (AHD/PC-3) မူရင်း၊ သက်ဆိုင်ရာခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူးကထုတ်ပေးသော ကျွဲ၊ နွားသယ်ဆောင်ခွင့် လက်မှတ် မူရင်း နှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ရုံးချုပ်၏ စိစစ်ပြီး ခွင့်ပြုကြောင်း အကြောင်းကြားစာတို့နှင့်အတူ သယ်ဆောင်ရမည်။

၃။ မည်သူမဆို ကျွဲ၊ နွားများကို ပြည်တွင်း၌ သယ်ဆောင်ရာတွင် ဤအမိန့်ပါအတိုင်း လိုက်နာ ဆောင်ရွက်ခြင်းမရှိကြောင်းစစ်ဆေးတွေ့ရှိပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေ အရ အရေးယူခြင်းခံရမည်။

ဒေါက်တာအောင်သူ
ပြည်ထောင်စုဝန်ကြီး

စာအမှတ်၊ ၁ / ၃၀၀၀ / မွေးရေကျေး ( ၈၄၄ / ၂၀၂၀)
ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၁၁ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနများအားလုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်
ပြည်ထောင်စုရာထူးဝန်အဖွဲ့
နေပြည်တော်ကောင်စီရုံး
တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့အားလုံး
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး
မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး
အမြဲတမ်းအတွင်းဝန်၊ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ဤပြည်ထောင်စုဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနများ
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန(မြန်မာနိုင်ငံပြန်တမ်းတွင်ထည့်သွင်း
ဖော်ပြပေးပါရန်မေတ္တာရပ်ခံချက်
ဖြင့်ပေးပို့အပ်ပါသည်)
ဤပြည်ထောင်စုဝန်ကြီးရုံးရှိ ဌာနခွဲများအားလုံး

အမိန့်အရ

လှထွန်း
ဒုတိယအမြဲတမ်းအတွင်းဝန်